
စိတ်ကူးချိုချိုအနုပညာ

# DONALD TRUMP




စီးပွားရေးသမား၊
နိုင်ငံရေးသမား

## ဒေါ်နယ်ထရမ့်

ဇင်မျိုး

မြန်မာပြန်




mgyoe.com
ZM0003
800.00 KS

mgyoe.com

စီးပွားရေးသမား နိုင်ငံရေးသမား ဒေါ်နယ်ထရန့်၊ ဇင်မျိုး
အပြင်အဆင်-အခင်းအကျင်းဒီဇိုင်း၊ စာမျက်နှာ ၄၆ မျက်နှာ၊ ၁၂.၈ စင်တီ x ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ စက်တင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# စီးပွားရေးသမား
# နိုင်ငံရေးသမား
# ဒေါနယ်ထရန့်

ဇင်မျိုး

ပထမအကြိမ်၊ ၂၀၁၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | မွေးဖွားကြီးပြင်း | ၁ |
| ၂။ | စီးပွားရေးလောက | ၇ |
| ၃။ | ဒေါ်နယ်ထရန့် တံဆိပ် | ၁၈ |
| ၄။ | အချမ်းသာဆုံး နိုင်ငံရေးသမား | ၂၆ |
| ၅။ | ဒေါ်နယ်ထရန့်နှင့် နိုင်ငံရေး | ၃၄ |
| ၆။ | ဒေါ်နယ်ထရန့်၏ ပုဂ္ဂိုလ်ရေးဘဝ | ၄၁ |


o

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## ဒေါ်နယ်ထရန့်
## မိတ်ဆက်

ဒေါ်နယ်ထရန့်ကို ၁၉၄၆ ခုနှစ်၊ ဇွန် ၁၄ တွင် မွေးသည်။ ဒေါ်နယ် ထရန့်သည် နယူးယောက်မြို့သားဖြစ်သည်။ နယူးယောက်မြို့သည် သူ၏ ဇာတိချက်မြှုပ်ဖြစ်သည်။ စီးပွားရေး အမြင်ရှိသူဖြစ်၍ ထရန့် သည် အောင်မြင်သော လုပ်ငန်းရှင်ဖြစ်သည်။ အလုပ်အကိုင်မျိုးစုံလုပ် ကိုင်ခဲ့သည်။ ထို့ကြောင့် သူ့ကို အမေရိကန်လူမျိုး စီးပွားရေးသမား အဖြစ်သာမက အခြားသော လုပ်ငန်းနယ်ပယ်များတွင်ပါ မြင်တွေ့ရ သည်။ ရုပ်သံအစီအစဉ်တင်ဆက်သူ၊ စာရေးဆရာ၊ နိုင်ငံရေးသမား ဖြစ်သည်။

၁၉၇၁ ခုနှစ်မှစ၍ ထရန့်လုပ်ငန်းအဖွဲ့အစည်း၏ဥက္ကဋ္ဌဖြစ်လာ သည်။ ထရန့်အဖွဲ့အစည်းသည် ဦးပိုင်ကုမ္ပဏီကြီးဖြစ်သည်။ ဒေါ်နယ် ထရန့်၏ အိမ်ခြံမြေလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများကို ထရန့်လုပ်ငန်းက ချုပ်ကိုင်ထားသည်။ ထို့အပြင် ထရန့်သည် ၂၀၁၆ ခု အမေရိကန်သမ္မတရွေးပွဲတွင် ရီပါပလီကင်ပါတီက တင်မြှောက်လိုက် သော သမ္မတလောင်းဖြစ်သည်။

mgyoe.com

mgyoe.com



ထရန့်သည် ၁၉၆၈ ခုနှစ်တွင် ပင်ဆယ်ဗေးနီးယားတက္ကသိုလ်၏ ဝါတန်စီးပွားရေးကျောင်းကနေ ဘွဲ့ရသည်။ ကောလိပ်တက်နေရင်း ဖခင်ဖရက်ထရန့်၏ အိမ်ခြံမြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ခဲ့၏။ ၁၉၇၁ ခုနှစ်တွင် သူသည် မိသားစုစီးပွားရေး လုပ်ငန်းကို လွှဲပြောင်းယူလိုက်ပြီးနောက် လုပ်ငန်းနာမည်ကိုလည်း ထရန့်အဖွဲ့အစည်းအဖြစ် ပြောင်းလဲလိုက်သည်။ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအဖြစ်ဖြင့် ထရန့်သည် ဟိုတယ်များ၊ လောင်းကစားရုံများ၊ ဂေါက်ကွင်းများ၊ မန်ဟတ်တန်အိမ်ရာနှင့် အခြားအဆောက်အအုံပေါင်းများစွာကို ဆောက်လုပ်ခဲ့ပြီး၊ ထိုအဆောက်အအုံအများစုကို ထရန့်ဟူ၍ နာမည်ပေးခဲ့သည်။ ထိုအထဲတွင် ယခုကားလ်အိုင်တန်းပိုင်သော ထရန့်ဖျော်ဖြေရေးစခန်းသည်လည်း အပါအဝင်ဖြစ်သည်။

သူသည် ထရန့်ဟူသောအမည်ကို အဖိုးတန်အမှတ်တံဆိပ်ဖြစ်အောင် လုပ်ခဲ့ရာ ထရန့်အမှတ်တံဆိပ်မှာ ထူးခြားသော အမှတ်တံဆိပ်ဖြစ်လာသည်။ သူပိုင်သော လုပ်ငန်းအမျိုးမျိုးတွင်လည်းကောင်း၊ သူက အစုရှယ်ယာ အနည်းငယ်သာပါသော လုပ်ငန်းများတွင်လည်းကောင်း၊ သူ၏အစုရှယ်ယာမပါသော လုပ်ငန်းများတွင်လည်းကောင်း ထရန့်အမည်ဖြင့် လုပ်ငန်းလိုင်စင်များ ရယူခဲ့သည်။ သူသည် ၂၀၀၀ ပြည့်နှစ်သမ္မတရွေးပွဲတွင် ပြုပြင်ပြောင်းလဲရေးပါတီ၏ ကိုယ်စားလှယ်အဖြစ် ကနဦးရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သေးသော်လည်း အကြိုရွေးကောက်ပွဲနှစ်ခုတွင် အနိုင်ရခဲ့ပြီးနောက် ရွေးကောက်ပွဲမှ နုတ်ထွက်ခဲ့သည်။

ဩဇာကြီးသော ဖော့ဘက်စ်မဂ္ဂဇင်းက ပြုစုထုတ်ပြန်ခဲ့သည့် ကမ္ဘာ့အချမ်းသာဆုံးဘီလျံနာ ၄၀၀ တွင် ထရန့်နှင့် ထရန့်၏စီးပွားရေးလုပ်ငန်းများ ပါဝင်ခဲ့သည်။ အိမ်ထောင်သုံးဆက်ပြုခဲ့သည့် ထရန့်

mgyoe.com

mgyoe.com


သည် မီဒီယာတွင် ဆယ်စုနှစ်များစွာ ထင်ရှားကျော်ကြားခဲ့သည်။ သူသည် ၂၀၀၄ မှ ၂၀၁၅ အထိ NBC ရုပ်သံလိုင်းတွင် လူကြိုက်များလှသော တကယ့်ဖြစ်ရပ်များ တိုက်ရိုက်ထုတ်လွှင့်ခြင်းအစီအစဉ်တွင် တင်ဆက်သူအဖြစ် ဆောင်ရွက်ခဲ့သည်။

၂၀၁၅ ခုနှစ် ဇွန် ၁၆ ရက်နေ့တွင် ရီပါပလီကင်ပါတီ၏သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု ထရန့်က ကြေညာခဲ့သည်။ ထိုစဉ်ကတည်းကပင် ရီပါပလီကင်ပါတီ၌ ထရန့်သည် ပါတီက တင်သည့် သမ္မတလောင်းအဖြစ် အရွေးခံရရန် လျင်မြန်စွာ ရေပန်းစားခဲ့သည်။ သူ၏ သဘောထားများမှာ တရားမဝင် ဝင်ရောက်နေထိုင်ခြင်းကို တိုက်ဖျက်မည်၊ လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များမှာ မျှတမှု မရှိ၊ နိုင်ငံခြားရေး မူဝါဒတွင် မကြာခဏ ကြားဝင်စွက်ဖက်မှု မရှိရေး၊ အမေရိကန်လွှတ်တော်က အစ္စလာမ်အကြမ်းဖက်ဝါဒကို မည်သို့ကိုင်တွယ်ဆောင်ရွက်မလဲ ဆိုသည်ကို အဆုံးအဖြတ်မယူရသေးခင် အမေရိကန်ပြည်ထောင်စုသို့ တိုင်းခြားမွတ်ဆလင်များဝင်ရောက်ခြင်းကို ယာယီပိတ်ပင်ထားရန် စသည်တို့ဖြစ်သည်။ သူ၏ သမ္မတလောင်းမဲဆွယ်ပွဲများနှင့် လူထုအစည်းအဝေးပွဲများမှာ အငြင်းပွားစရာ၊ ကန့်ကွက်စရာ၊ အဓိကရုဏ်းဖြစ်စရာများ ဖြစ်သည်။

မည်သို့ဆိုစေ ထရန့်သည် ပြည်နယ်အများစု၏ အကြိုရွေးကောက်ပွဲများတွင် အနိုင်ရခဲ့သည်။ ထရန့်သည် ကိုယ်စားလှယ် ၁၂၃၇ ဦး၏ ထောက်ခံမှုများကို ရရှိခဲ့သဖြင့် သမ္မတလောင်းအဖြစ် ရွေးချယ်ခံရကြောင်း အေပီက သတင်းဖော်ပြခဲ့သည်။

■

mgyoe.com

mgyoe.com


# [ ၁ ]

## မွေးဖွားကြီးပြင်း

ဒေါ်နယ်ထရန့်ကို ၁၉၄၆ ခုနှစ်၊ ဇွန် ၄ ရက်နေ့တွင် မွေးသည်။ ဇာတိမှာ နယူးယောက်မြို့နားက ကွင်းစ်အရပ်ရှိ ဂျမေကာအိမ်ရာ ဖြစ်သည်။ ဖခင်မှာ ဖရက်ထရန့်ဖြစ်သည်။ မိခင်မှာ မေရီဖြစ်သည်။ ထရန့်သည် သားသမီး ငါးဦးတွင် လေးဦးမြောက်ဖြစ်သည်။ မိခင်မေရီသည် လူသားအကျိုးပြုလုပ်ငန်းများကို လုပ်ဆောင်နေသူဖြစ်ပြီး၊ အိမ်အလုပ်များကို လုပ်သူဖြစ်သည်။ ဖခင်ဖရက်ထရန့်သည် အိမ်ခြံမြေ လုပ်ငန်းရှင်ဖြစ်သည်။

ထရန့်၏မိခင် မေရီသည် အမေရိကန် မဟုတ်ပေ။ စကော့တလန်မှ အမေရိကန်ကို ပြောင်းရွှေ့လာသူဖြစ်သည်။ အသက် ၁၈ နှစ်အရွယ် ၁၉၃၀ ခုနှစ်တွင် မေရီသည် စကော့တလန်မှ အမေရိကန်ကို ပြောင်းလာခဲ့သည်။ မေရီသည် အမေရိကန်တွင် အိမ်ဖော်အဖြစ် လေးနှစ်လုပ်ကိုင်ခဲ့သည်။ မေရီသည် ဖရက်ထရန့်နှင့် ချစ်ကြိုးသွယ်မိကာ ၁၉၃၆ ခုနှစ်တွင် ထရန့်နှင့် အိမ်ထောင်ပြုခဲ့၏။ အိမ်ထောင်ရက်သားကျပြီးနောက် သူတို့သည် ကွင်းစ်ရှိ ဂျမေကာအိမ်ရာတွင် အခြေချနေထိုင်ခဲ့ကြသည်။ ဖရက်ထရန့်သည် နယူးယောက်မြို့တွင် အကြီးဆုံး

mgyoe.com

mgyoe.com



ဒေါ်နယ်ထရန့်၏ ငယ်စဉ်ရုပ်ပုံလွှာ

အိမ်ခြံမြေလုပ်ငန်းရှင်တစ်ဦး ဖြစ်လာခဲ့သည်။ ဒေါ်နယ်ထရန့်၏ မိခင် မေရီအန်းထရန့် (မေရီ) သည် ၁၉၄၂ ခုနှစ် မတ် ၁၀ ရက်နေ့တွင် အမေရိကန်နိုင်ငံသားဖြစ်လာခဲ့၏။

ဒေါ်နယ်ထရန့်၏ ဖခင်ဖရက်ထရန့်သည်လည်း အမေရိကန် သားစစ်စစ်မဟုတ်ပေ။ ဖရက်ထရန့်သည် ဂျာမနီမှ အမေရိကန်ကို ပြောင်းရွှေ့နေထိုင်သူဖြစ်သည်။ ဖရက်ထရန့်ကို ဖရက်ဒရစ်နှင့် အယ် လိဇဘတ်တို့က ဝုဒ်ဟေးမန်းတွင် မွေးသည်။ သူတို့သည် ဂျာမနီနိုင်ငံ ကောလ်စတက်မှ အမေရိကန်သို့ ပြောင်းရွှေ့လာခဲ့ကြသည်။ ဖရက်

mgyoe.com

ဒရစ်သည် အမေရိကန်၌ ရွှေရှာသောရောဂါထချိန်တွင် စားသောက်ဆိုင်ပိုင်ရှင်တစ်ဦးဖြစ်ခဲ့၏။


၁၉၇၆ ခုတွင် နယူးယောက်တိုင်းမ် မဂ္ဂဇင်း၏ကိုယ်ရေးအကျဉ်းကဏ္ဍတွင်လည်းကောင်း၊ ထရန့်ရေးသားသော ၁၉၈၇ ခုနှစ်ထုတ် "The Art of Deal" စာအုပ်တွင်လည်းကောင်း ထရန့်က မိမိအဘိုးသည် ဆွီဒင်ဇာစ်မြစ်ဖြစ်သည်ဟု မှားယွင်းဖော်ပြခဲ့သည်။ ယင်းသို့ဖော်ပြခဲ့ခြင်းမှာ ထရန့်၏ဖခင် ဖရက်ထရန့်တွင် ဂျူးလူမျိုးအိမ်ငှားအများအပြားရှိနေခြင်းကို နှစ်ပေါင်းများစွာ ဖုံးကွယ်ထားခြင်းကြောင့်လည်းကောင်း၊ ထို့အပြင် ဂျာမန်ဖြစ်ရသည်မှာ မကောင်းသောကြောင့်လည်းကောင်း ထရန့်၏ တူတစ်ဦးပြောဆိုခဲ့သည်ဟု နယူးယောက်တိုင်းမ်သတင်းစာ၏ မျိုးရိုးသမိုင်းပညာရှင်တစ်ဦးက ဖော်ထုတ်ခဲ့၏။ နောက်ပိုင်းတွင် ထရန့်က မိမိသည် ဂျာမန်မျိုးနွယ်ဖြစ်သည်ဟု ဝန်ခံ




ဒေါ်နယ်ထရန့် (ဝဲ) အား ငယ်စဉ်က ၎င်း၏ မိခင်၊ မောင်နှမများနှင့်အတူ တွေ့ရစဉ်

mgyoe.com

mgyoe.com



နယူးယောက်စစ်ဘက် အကယ်ဒမီတက်ရောက်နေစဉ်က ဒေါ်နယ်ထရန့် (၁၉၆၄ ခုနှစ်)

mgyoe.com

mgyoe.com

ပြောကြားခဲ့ပြီး၊ ၁၉၉၉ ခု တွင် နယူးယောက်မြို့တော်၌ ဂျာမန်အမေရိကန်စတူဘန် ချီတက်ပွဲတွင် လူတန်းကြီးကို ဦးဆောင်ခဲ့ရသည်ဟု ဆိုသည်။

ထရန့်တို့မိသားစုသည် ဂျမေကာအိမ်ရာတွင်ရှိသော ဝဲဟမ်းပလေ့စ်ရှိ နှစ်ထပ်အိမ်တွင် နေထိုင်ကြသည်။ သူတို့အိမ်ကို Tudor Revival အိမ်ဟု ခေါ်သည်။ ထရန့်သည် Kew-Forest ကျောင်းကို တက်နေစဉ် ထိုအိမ်၌ နေထိုင်ခဲ့သည်။ Kew-Forest ကျောင်းတွင် ထရန့်၏ဖခင် ဖရက်ထရန့်သည် ကျောင်း၏မိဘဆရာအသင်းဝင် ဖြစ်သည်။ အပြုအမူပြဿနာများကြောင့် ထရန့်သည် ၁၃ နှစ်သားတွင် ကျောင်းထွက်ရသည်။ ထို့နောက် ထရန့်သည် နယူးယောက်စစ်ဘက်အကယ်ဒမီတွင် တက်ရောက်ခဲ့သည်။ ဒေါ်နယ်ထရန့်သည် ငယ်ငယ်တုန်းက ကြမ်းတမ်းသော သူငယ်ချင်းများ ရှိခဲ့သည်ဟု ဖရက်ထရန့်က အင်တာဗျူးတစ်ခုတွင် ပြောခဲ့ဖူးသည်။ ဒေါ်နယ်ထရန့်သည် နယူးယောက်စစ်ဘက် အကယ်ဒမီတွင် ရှစ်တန်းနှင့် အထက်တန်းပြီးခဲ့သည်။

ထရန့်သည် အရွယ်ရောက်လာချိန်တွင် ချီတက်လမ်းလျှောက်မှုများတွင် ပါဝင်ခဲ့ပြီး၊ ယင်းချီတက်ပွဲများတွင် ခေါင်းဆောင်ဝတ်စုံကို ဝတ်ဆင်ရသည်။ နယူးယောက်စစ်ဘက်အကယ်ဒမီတွင် တက်ခဲ့ရသည့် အတွေ့အကြုံကို ၂၀၁၅ အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့ရာ ထရန့်က စစ်ထဲဝင်သူများထက်ပင် မိမိကို စစ်သင်တန်းအပြင်းအထန် ပေးခဲ့ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ထရန့်သည် ဘရွန့်ရှိဖို့ဒ်ဟမ်းတက္ကသိုလ်ကို ၂ နှစ် တက်ရောက်ခဲ့သည်။ ထရန့်သည် ပင်ဆယ်ဗေးနီးယားတက္ကသိုလ် ဝါတန်စီးပွားရေးကျောင်းကို တက်သည်။ ထိုအချိန်က ဝါတန်စီးပွား

mgyoe.com

mgyoe.com

ရေးကျောင်းသည် အမေရိကန်တွင် အိမ်ခြံမြေပညာရေးကို သင်ပေးသော ကျောင်းအနည်းငယ်တွင်တစ်ခုအပါအဝင်ဖြစ်သည်။

ဗီယက်နမ်စစ်ပွဲအတွက် စစ်မှုမထမ်းမနေရဟူ၍ ခေါ်ရာတွင် ထရန့်သည် စစ်ထဲပါမသွားခဲ့ပေ။ ကျောင်းသားဖြစ်ခြင်း၊ ဆေးကုသမှုခံယူနေခြင်း၊ မဲနှိုက်ခြင်း စသည် အချက်များဖြင့် ငြိစွန်းပါက အရွယ်ရောက် အမျိုးသားနိုင်ငံသားတစ်ဦးသည် စစ်မှုမထမ်းမနေရ ဥပဒေနှင့် ကင်းလွတ်ကာ စစ်မှုထမ်းခွင့် မရှိတော့ပေ။ ကောလိပ်တက်နေစဉ် ထရန့်သည် ကျောင်းသားဖြစ်၍ စစ်မှုမထမ်းမနေရ ဥပဒေ၏သက်သာခွင့်လေးမျိုးရရှိခဲ့၏။ ၁၉၆၆ ခုတွင် ထရန့်သည် စစ်ဘက်စာမေးပွဲဝင်ရောက်ဖြေဆိုရသည်။ ၁၉၆၈ ခုတွင် သူ့ကို စစ်မှုမထမ်းမနေရဘုတ်အဖွဲ့က စစ်ထဲဝင်ရန်သင့်လျော်သူဖြစ်သည်ဟု သတ်မှတ်ခဲ့သည်။ သို့ရာတွင် ၁၉၆၈ ခုတွင် ထရန့်သည် ဆေးကျသွားသဖြင့် စစ်ထဲမဝင်ရတော့ပေ။ ခြေဖနောင့်နှစ်ဖက်ကို ကုသနေရသဖြင့် ဆေးကျခံရခြင်းဖြစ်ကြောင်း ထရန့်က သူ၏ အတ္ထုပ္ပတ္တိတွင် ရေးခဲ့သည်။ ထရန့်သည် ဆေးသက်ညှာခွင့်ရခဲ့သည့်အပြင် စစ်မှုထမ်းရန် မဲနှိုက်ရာ၌လည်း နံပါတ်အမြင့်ပေါက်သဖြင့် ကံကောင်းကာ စစ်ထဲမဝင်ရတော့ခြင်းဖြစ်ကြောင်း အမျိုးသားမော်ကွန်းတိုက်မှရသော လက်ရွေးစင်စစ်မှုထမ်းမှတ်တမ်းများတွင် အတည်ပြုထားသည်။

"စစ်မှုထမ်းဖို့ မဲနှိုက်တဲ့အခါ နံပါတ်အမြင့်ပေါက်တာကြောင့် ကျွန်တော်ကံကောင်းသွားတာပါ" ဟု ထရန့်က ရှင်းပြခဲ့သည်။

■

mgyoe.com

# [ ၂ ]


## စီးပွားရေးလောက

၁၉၆၈ ခုတွင် ထရန့်သည် ကောလိပ်ပြီးခဲ့သည်။ ဘွဲ့ရရှိပြီးနောက် ထရန့်သည် အမေရိကန် ဒေါ်လာ ၂၀၀၀၀၀ ခန့် (ယနေ့ခေတ် တန်ဖိုးဖြင့်ဆိုလျှင် ဒေါ်လာ ၁၀၂၁၀၀၀ ခန့်) ကြွယ်ဝနေပြီဖြစ်သည်။ အသက် ၂၃ နှစ်အရွယ်တွင် ထရန့်သည် ရုပ်ရှင်လုပ်ငန်းတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံသည်။ ရုပ်ရှင်လုပ်ငန်းတွင် ဒေါ်လာ ၇၀၀၀၀ ရင်းနှီးမြှုပ်နှံကာ Paris is out ဟူသည့် ဘရော့ဝေးဟာသကားကို ပူးတွဲထုတ်လုပ်သူဖြစ်လာသည်။ ဒေါ်နယ်ထရန့်သည် ရုပ်ရှင်လုပ်ငန်းတွင် အောင်မြင်မှု မရခဲ့ပေ။

ထို့နောက် ဖခင်၏ အိမ်ခြံမြေကုမ္ပဏီတွင် ဝင်ရောက်လုပ်ကိုင်သည်။ ကုမ္ပဏီ၏နာမည်မှာ "အယ်လီဇဘတ်ထရန့်နှင့် သား" ဖြစ်၍ ဘရွတ်ကလင်း၊ ကွင်းစ်၊ စတတ်တန်အိုင်းလန်း စသော နယူးယောက်ရပ်ကွက်များတွင် လူလတ်တန်းစားတို့ကို အိမ်ငှားသည့်လုပ်ငန်းများလုပ်သော ကုမ္ပဏီဖြစ်သည်။ ဖခင်၏ကုမ္ပဏီတွင် ပညာသင်ယူနေဆဲ ထရန့်သည် ၁၉၆၂ ခုတွင် ဖခင်က ဒေါ်လာ ၅.၇ သန်းဖြင့် ဝယ်ခဲ့သော

mgyoe.com

mgyoe.com

ဖခင်နှင့်အတူ အိမ်ခြံမြေလုပ်ငန်းများ လုပ်ကိုင်နေသည့် ဒေါ်နယ်ထရန့် (ဝဲ) အား တွေ့ရစဉ်

အိမ်ရာတစ်ခုကို ပြန်လည်လုပ်ကိုင်ခဲ့သည်။ ထိုအိမ်ရာစီမံကိန်းသည် အိုဟိုင်ယိုပြည်နယ် စင်စင်နာတီတွင်ရှိပြီး၊ အပေါင်ဆုံးသွားသော တိုက်ခန်းတွဲ အဆောက်အအုံကြီးဖြစ်သည်။ တိုက်ခန်းတွဲအမည်မှာ Swifton village ဖြစ်သည်။ ဖရက်နှင့်ဒေါ်နယ်ထရန့်သည် ဒေါ်လာ ၅၀၀၀၀၀ ရင်းနှီးမြှုပ်နှံကာ အိမ်ရာစီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ထို့ကြောင့် ၎င်းတိုက်ခန်းတွဲသည် အခန်းပေါင်း ၁၂၀၀ ဖြစ်လာသည့် လူနေတိုက်ခန်းများအဖြစ် ပြောင်းလဲသွားခဲ့ပြီး လူနေထိုင်မှုနှုန်းမှာ မူလက ၃၄ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၁၀၀ ရာခိုင်နှုန်းနေထိုင်နိုင်သော အဆောက်အအုံကြီး ဖြစ်လာသည်။ ထရန့်သည် ဘရွတ်ကလင်း၊ ကွင်းစ်နှင့် စတတ်တန်အိုင်းလန်းတို့တွင်ရှိသော ကုမ္ပဏီပိုင်တိုက်ခန်း ၁၄၀၀၀ ကို ကြီးကြပ်ခဲ့ရသည်။ ၁၉၇၂ ခုနှစ်တွင် ထရန့်အဖွဲ့အစည်းသည် Swifton village ကို ဒေါ်လာ ၆.၇၅ သန်းဖြင့် ရောင်းချခဲ့သည်။ ထရန့်အဖွဲ့အစည်းသည် ပနားမားနိုင်ငံ၊ ပနားမား

mgyoe.com

mgyoe.com


မြို့တော်တွင် ထရန့်အိုးရှန်းကလပ်နိုင်ငံတကာ ဟိုတယ်အပါအဝင် ကမ္ဘာတစ်ဝန်းအိမ်ခြံမြေလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း၊ တည်ဆောက်ခြင်း၊ ပိုင်ဆိုင်ခြင်း စသောအလုပ်များကို ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ပိုမိုကြီးမားသော အိမ်ခြံမြေလုပ်ငန်းကြီးများကို လုပ်ဆောင်ရန် ၁၉၇၁ ခုနှစ်တွင် ထရန့်သည် မန်ဟတ်တန်ကို ပြောင်းခဲ့သည်။ ၎င်းတွင် လူအများ စိတ်ဝင်စားလောက်သည့် ဗိသုကာလက်ရာတို့ကို အသုံးပြုခဲ့သည်။ ထရန့်ကို ၁၉၇၃ ခုနှစ်တွင် အများက အာရုံစိုက်မိခဲ့ကြ၏။ အဆောက်အအုံ ၃၉ ခုကို လုပ်ကိုင်လည်ပတ်ရာတွင် "မျှတအိမ်ရာဥပဒေ" ကို ချိုးဖောက်သည်ဟု ဆိုကာ အမေရိကန်တရားရေးဌာနက သူ့အား စွပ်စွဲခဲ့သည်။ ရှေ့နေရိုင်းကိုဟန် တင်သွင်းသော တန်ပြန် တရားစွဲဆိုမှု မအောင်မမြင်ဖြစ်ခဲ့ပြီးနောက် ထရန့်သည် အပြစ်ရှိကြောင်း ဝန်ခံခြင်းမပြုဘဲ ၁၉၇၅ ခုတွင် စွဲချက်များကို ကျေအေးခဲ့သည်။



ဒေါ်နယ်ထရန့် ပထမဆုံးဦးစီးလုပ်ကိုင်ခဲ့သည့် Swifton village အိမ်ရာစီမံကိန်း


mgyoe.com

mgyoe.com


၁၉၇၅ ခုနှစ်တွင် နယူးယောက်မြို့၏ စီမံကိန်းလျာထားချက်ထဲတွင် ပါဝင်သော ဂျက်ကော့ဂျာဗစ်ကွန်ဗင်းရှင်းစင်တာကို အဆင့်မြင့်တင်ပေးရန် လုပ်ကိုင်ခွင့်ရခဲ့သည်။ ထိုနေရာသည် နယူးယောက် မီးရထားဘူတာဝင်းအတွင်းတွင်ရှိသည်။ ထရန့်၏ ကုမ္ပဏီသည် ထိုစီမံကိန်းကို ဒေါ်လာ ၁၁၀ သန်း အကုန်အကျခံတည်ဆောက်ရန် ခန့်မှန်းထားသော်လည်း နယူးယောက်မြို့တော်ကောင်စီက ထိုနေရာကို ရွေးချယ်လိုက်ပြီး ထရန့်၏ ကမ်းလှမ်းချက်ကို ပယ်ချလိုက်သောကြောင့် ထရန့်သည် နယူးယောက်မြို့တော်ကောင်စီထံမှ ပွဲခရရှိခဲ့သည်။ မီးရထားဝင်းနေရာကို မြို့တော်ကောင်စီ ရောင်းချသဖြင့် အကျိုးဆက်အနေဖြင့် ထရန့်သည် ထိုနေရာတွင် ဂျက်ကော့ဂျာဗစ်ကွန်ဗင်းရှင်းစင်တာကို ဆောက်ခွင့်မရတော့ဘဲ၊ နေရာအတွက်ပွဲခကို ရရှိခဲ့ခြင်းဖြစ်သည်။

နယူးယောက်မြို့ရှိ မန်ဟတ်တန်ရပ်ကွက်တွင် ထရန့်သည် စာချုပ်ကြီးတစ်ခုကို ပထမဆုံးအကြိမ် လက်မှတ်ရေးထိုးနိုင်ခဲ့၏။ Penn Central ပို့ဆောင်ရေးကုမ္ပဏီအဆောက်အအုံကို တည်ဆောက်ရန် လက်မှတ်ရေးထိုးခဲ့ရသည်။ Penn Central ပို့ဆောင်ရေးကုမ္ပဏီသည် ဒေဝါလီခံထားရသော ကုမ္ပဏီဖြစ်သည်။ ၎င်းစီမံကိန်းတွင် ဟတ်ဆန်မြစ်ကမ်းပေါ်က လမ်း ၆၀ ရထားဝင်းပါဝင်ကာ နောက်ပိုင်းတွင် ထိုနေရာ၌ Riverside South အဆောက်အအုံကို ဆောက်လုပ်ခဲ့ရသည့်အပြင် Grand Central Terminal နားက မြေကိုလည်း ငွေလက်ငင်းပေးချေရခြင်းမရှိဘဲ ဒေါ်လာသန်း ၆၀ ပေး၍ ဝယ်ယူခဲ့သည်။ ဤမြေကွက်ကို ဝယ်ယူခဲ့ခြင်းသည် ၁၉၇၈ ခုနှစ်တွင် Grand Hyatt ဟိုတယ်ကြီး ထိုနေရာ၌ ပေါ်ပေါက်လာစေမည့် အဓိကအကြောင်းရင်းဖြစ်ခဲ့၏။ Grand Hyatt ဟိုတယ်သည် Grand Central Station

mgyoe.com




ဒေါ်နယ်ထရန့်ကို ထင်ရှားလာစေခဲ့သည့် Grand Hyatt ဟိုတယ်

အနီးတွင်ရှိကာ သက်တမ်းရင့် Commodore အိမ်ရာ၏နေရာတွင် အစားဝင်လာသော အဆောက်အအုံသစ်ကြီးဖြစ်သည်။ Grand Hyatt ဟိုတယ်ပေါ်ပေါက်လာခြင်းက နယူးယောက်မြို့တွင် ဒေါ်နယ်ထရန့်ကို ထင်ရှားလာစေခဲ့သည်။

၁၉၈၀ ပြည့်တွင် နယူးယောက်မြို့ဗဟိုပန်းခြံတွင်ရှိသော ရေခဲပြင်စကိတ်ကွင်းကို ၂ နှစ်ခွဲအတွင်းအပြီးတည်ဆောက်ရန် ထရန့်နှင့်မသက်ဆိုင်သော ကန်ထရိုက်တစ်ဦးကို လုပ်ခွင့်ပေးခဲ့သော်လည်း ၁၉၈၆ ခုနှစ်တိုင်အောင် လုပ်ငန်းပြီးစီးခဲ့ခြင်း မရှိပေ။ ထို့ကြောင့် ထရန့်က ရေခဲပြင်ကွင်းကို ဒေါ်လာ ၁.၉၅သန်းဖြင့် ၃ လနှင့်အပြီး တည်ဆောက်ပေးခဲ့သည်။ ကုန်ကျငွေဒေါ်လာ ၁.၉၅ သန်းသည် မူလမှန်းထားသော ပမာဏထက် ဒေါ်လာ ၇၅၀၀၀၀ နည်းသည်။ ထို့နောက် ရေခဲပြင်စကိတ်ကွင်းကို တစ်နှစ်အတွင်း လည်ပတ်လုပ်ကိုင်နိုင်စေခဲ့ပြီး ရရှိလာသော အကျိုးအမြတ်များကို လှူပြစ်ခဲ့သည်။

၁၉၈၈ တွင် ထရန့်သည် နယူးဂျာဆီပြည်နယ်အတ္တလန္တစ်မြို့ရှိ

mgyoe.com

တက်မဟာလောင်းကစားရုံကို ဝယ်ယူခဲ့သည်။ ၎င်းလောင်းကစားရုံကို ဝယ်ရာတွင် ချေးငွေများဖြင့် မလုံလောက်သဖြင့် ထရန့်သည် ဘဏ် ချေးငွေများကို ရယူခဲ့ရ၏။ ထရန့်သည် နောက်ထပ်ချေးငွေများကို ရှာဖွေနိုင်ခဲ့သော်လည်း တက်မဟာလောင်းကစားရုံကို ချေးငွေများဖြင့် ဝယ်ခဲ့ခြင်းဖြစ်၍ ကြွေးမြီပမာဏမြင့်တက်လာသဖြင့် ၁၉၉၁ ခုတွင် လောင်းကစားရုံကို ဒေဝါလီခံလိုက်ရသည်။ ဒေါ်လာရာပေါင်းများစွာ ဆုံးရှုံးမည့်အရေးနှင့် ရင်ဆိုင်ရသဖြင့် ဘဏ်များနှင့် အစုရှယ်ယာကိုင် ထားသူများက ကြွေးမြီကို ပြန်လည်ပေးဆပ်မည့်လမ်းကြောင်းကို ရွေး ချယ်ခဲ့သောကြောင့် ဒေဝါလီခံထားသော တက်မဟာလောင်းကစားရုံ သည် ၁၉၉၀ ခုနှစ်၊ အောက်တိုဘာ ၁ ရက်နေ့တွင် ပြန်လည်ပေါ်ထွက် လာခဲ့သည်။ အကြွေးဆပ်ရန် အချိန်ပိုမိုပေးရခြင်း၊ အတိုးနှုန်းများ နိမ့် ကျလာစေခြင်းတို့ ဖြစ်ပေါ်လာရန် ထရန့်သည် လောင်းကစားရုံ ပိုင် ဆိုင်မှု ၅၀ ရာခိုင်နှုန်းကို အစုရှယ်ယာရှင်များထံ ပေးခဲ့ရ၏။ သူသည် ငွေကြေးအခက်အခဲကြုံတွေ့နေရသော Trump Shuttle လေကြောင်း လိုင်းကိုလည်းကောင်း၊ ၂၈၂ ပေ ရှည်သော Trump Prince ဇိမ်ခံ သင်္ဘောကြီးကိုလည်းကောင်း ရောင်းထုတ်ခဲ့ရ၏။ ၁၉၉၀ ပြည့်နှစ် နှောင်းပိုင်းကာလများသည်ကား ထရန့်၏ ဘဏ္ဍာရေးအခြေအနေပြန် လည် အားကောင်းလာသည်ကို မြင်ရသောကာလဖြစ်သည်။

၁၉၉၉ ခုနှစ်တွင် ကွယ်လွန်ခဲ့ရှာသော ဖခင်ဖရက်ထရန့်၏ သေတမ်းစာအရ ထရန့်တို့ မွေးချင်း ၄ ဦးက ဒေါ်လာသန်း ၂၅၀ မှ သန်း ၃၀၀ ကြားတန်သော အမွေကို ခွဲယူခဲ့ကြရသည်။ ၂၀၀၁ ခုနှစ် တွင် ထရန့်သည် Trump World Tower ကို တည်ဆောက်ပြီးစီးခဲ့ သည်။ ၇၂ ထပ်မြင့်မားပြီး လူနေအိမ်များပါဝင်သော Trump World Tower သည် ကုလသမဂ္ဂရုံးချုပ်နှင့် ဘေးချင်းယှဉ်ရှိနေသည့် ၁၉၉၉

mgyoe.com

ခုတွင် စတင်ဆောက်လုပ်ခဲ့သော Trump world Tower သည် ၂၀၀၁ ခုတွင် ပြီးစီးခဲ့သည်။ ဒေါ်လာသန်း ၃၀၀ ကုန်ကျခဲ့သည်။

၂၀၁၄ ခုတွင် ထရန့်သည် ထရန့်အပန်းဖြေ ဖျော်ဖြေရေးကုမ္ပဏီတွင် ၁၀ ရာခိုင်နှုန်းပိုင်ဆိုင်ထားသည်။ ၎င်းကုမ္ပဏီသည် ထရန့်



၇၂ ထပ်မြင့်မားပြီး လူနေအိမ်များပါဝင်သော Trump world Tower

mgyoe.com

mgyoe.com

တက်မဟာနှင့် ထရန့်ပလာဇာဟိုတယ်တို့ကို ပိုင်ဆိုင်ထားသည်။ နှစ်ခုစလုံးသည် Atlantic တွင် ရှိနေသည်။ ထိုနှစ်တွင် ထရန့်ဖျော်ဖြေရေးလုပ်ငန်းသည် ဒေဝါလီခံခဲ့သည်။ ထရန့်ပလာဇာကိုလည်း အချိန်အကန့်အသတ်မရှိ ပိတ်ခဲ့သည်။ ၂၀၁၆ ခုတွင် ဘီလျံနာကားလ်အိုင်တန်က တက်မဟာလောင်းကစားရုံကို ဝယ်ယူခဲ့သည်။ တပ်မဟာလောင်းကစားရုံကို ထရန့်မပိုင်တော့သော်လည်း ပိုင်ရှင်သစ် ကားလ်အိုင်တန်က ထရန့်နာမည်ကို ဆက်လက်အသုံးပြုနေဆဲဖြစ်သည်။

ထရန့်၏မဲဆွယ်စည်းရုံးရေးကိစ္စရပ်များကို လိုက်ပါဆောင်ရွက်ပေးနေသော မန်နေဂျာက ၂၀၁၄ ခုနှစ်အတွက် ထရန့်၏ ဝင်ငွေမှာ ဒေါ်လာ ၃၆၂ သန်းရှိသည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ ဝင်ငွေ တစ်နှစ်စာဝင်ငွေတွင် အမြတ်ဝေစုများ၊ အတိုးများ၊ ငှားရမ်းခများ၊ အရင်းတန်ဖိုးပိုထွက်လာမှုများ (Capital gains) နှင့် စာမူခများ မပါဝင်ရသေးပေ။ ၂၀၁၅ ခုတွင် ထရန့်၏ အကြမ်းဖျင်းဝင်ငွေမှာ အမေရိကန် ဒေါ်လာ ၆၁၁ သန်းရှိသည်ဟု ဆိုသည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် (FEC) ကို တင်ပြသော ဝင်ငွေ ၃၆၂ သန်းမှာ လစာများ၊ ပေးရန်ကျန်အကြွေးများအတွက် ပေးရသော အတိုးများ၊ စီးပွားရေးဆိုင်ရာ အခြားအသုံးစရိတ်များ၊ မနုတ်ရသေးသော ပမာဏဖြစ်၍ ထရန့်၏ ဝင်ငွေအမှန်သည် အများပြည်သူသို့ ထုတ်ပြန်ပေးခဲ့သော ပမာဏ၏ သုံးပုံတစ်ပုံသာ ရှိနိုင်ကြောင်း Fortune မဂ္ဂဇင်းက ရေးသားခဲ့သည်။

ထရန့်သည် ၂၀၁၃ ခုတွင် အခွန်လျှော့ပေါ့ငွေ ၃၀၂ သန်း ရရှိခဲ့သည်ဟု ပြည်သူ့မှတ်တမ်းများတွင် ဖော်ပြထားသည်။ တစ်နှစ်ဝင်ငွေ ဒေါ်လာ ၅၀၀၀၀၀ အောက်ရရှိသော ဇနီးမောင်နှံများကို ပေးသော အခွန်သက်သာခွင့်ဖြစ်ပြီး၊ ဇနီးမောင်နှံတို့က ပြည်ထောင်စုအခွန်သက်

mgyoe.com



**Atlantic City ရှိ Trump Taj Mahal Hotel and Casino**

သာခွင့်ကို သက်သေအဖြစ် တင်ပြရသည်။ ထို့ကြောင့် ထရန့်သည် ၂၀၁၃ ခုတွင် နယူးယောက်အခွန်လျှော့ငွေသန်း ၃၀၀ ကျော် ရရှိခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။ ထရန့်၏ အခွန်လျှော့ပေါ့ငွေမှာ မှားယွင်းနေသည်ဟု ထရန့်၏မဲဆွယ်စည်းရုံးရေး မန်နေဂျာက ဆိုသည်။ ထရန့်သည် မိမိ၏ပြည်ထောင်စု အခွန်သက်သာခွင့်ကို အများပြည်သူသိအောင် ထုတ်ပြန်ပေးခြင်း မရှိခဲ့ပေ။ ယင်းသို့ထုတ်ပြန်ခြင်း မပြုရခြင်းမှာ ပြည်တွင်းအခွန်ဦးစီးဌာနမှ စာရင်းစစ်များကြောင့် ဖြစ်သည်ဟု ထရန့်က ပြောကြားခဲ့၏။

ထရန့်သည် မိမိ၏နာမည်နှင့် ဓာတ်ပုံတို့ကို အိမ်ခြံမြေစီမံကိန်းများတွင် တရားဝင်လိုင်စင်ရယူ၍ အသုံးပြုခဲ့သည်။ ထရန့်ပိုင်ဆိုင်ခြင်း မရှိသည့် ထရန့်နာမည်ပေးထားသော အိမ်ရာစီမံကိန်းနှစ်ခုသည် ဖလော်ရီဒါတွင် ရှိသည်။ တူရကီပိုင်သော Trump Tower သည်

mgyoe.com

mgyoe.com

အစ္စတန်ဘူမြို့တွင် ရှိသည်။ တူရကီပိုင်ရှင်သည် ထရန့်နာမည်ကို ငွေပေး၍ အသုံးပြုထားခြင်းဖြစ်သည်။ ထရန့်က အမေရိကန်သို့ မွတ်ဆလင်များ ဝင်ရောက်ခွင့်ကို ယာယီပိတ်ပင်မည်ဟု မဲဆွယ်ပွဲတွင် ပြောကြားခဲ့ပြီးနောက် တူရကီရှိ Trump Tower ကို ထရန့်နာမည် မသုံးတော့ရန် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ဥပဒေကြောင်းအရ ဆောင်ရွက်နေသည်ဟု ဆိုသည်။

■

mgyoe.com

mgyoe.com

